# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၄၄)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့် ၊ ၈-၈-၂၀၂၅၊ သောကြာနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဒေသတွင်းလုံခြုံရေးအခင်းအကျင်းကို ဦးဆောင်တည်ဆောက်ရာတွင် အာဆီယံ၏ အရေးပါသောအခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၅၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများထံ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၈)နှစ်မြောက် နှစ်ပတ်လည် နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## ယာယီသမ္မတဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ယာယီသမ္မတဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ ဆေးရုံတက်ရောက်၍ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိရာမှ ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့သောကြောင့် ၎င်း၏ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ယာယီသမ္မတဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌

စာမျက်နှာ ၄ သို့ ○

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၇

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၇

**မနက်ဖြန် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ သောကြာနေ့။

မန္တလေးနေ့စဉ်

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မြန်မာ့ဆယ့်နှစ်လရာသီတွင်ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ဝါခေါင်လကို ရှေးက နံကာလဟုခေါ်သည်။ ဝါကပ်ခြင်း၏ အလယ်လဟု အဓိပ္ပာယ်ရသည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌ ငါးရာသော ရဟန်းတို့သည် ဘုရားရှင်ပေးတော်မူအပ်သော ကမ္မဋ္ဌာန်းတို့ကို အသီးသီးယူခဲ့ကြပြီး ဟိမဝန္တာနှင့် တစ်စပ်တည်းသောအရပ်၌ သီတင်းသုံးကြ၏။ ထိုအခါ ရဟန်းတော်တို့၏ သီလတန်ခိုး အာနုဘော်ကြောင့် ရုက္ခစိုးနတ်တို့ မနေသာ၊ မထိုင်သာတော့သဖြင့် ညဉ့်အခါ ရဟန်းတော်တို့ တရားအားထုတ်နေစဉ် ကြောက်မက်ဖွယ်အာရုံအမျိုးမျိုး အထူးထူးအထွေထွေပြုလုပ်ကာ ခြောက်လှန့်ကြလေသည်။ ထိုအခါရဟန်းတော်တို့မှာ စိတ်နှလုံးတုန်လှုပ်ကာ သမာဓိကိုမရကြသဖြင့် ဤအရပ်သည် ပတိရူပဒေသမဟုတ်ဟူ၍ တိုင်ပင်ကာ မြတ်စွာဘုရားထံ အကျိုးအကြောင်း လျှောက်ထားရာမှ မြတ်စွာဘုရားက မေတ္တသုတ်ပရိတ်တော်ကို သင်ကြားပေးပြီး ဤမေတ္တသုတ်ပရိတ်ကို တစ်လရှစ်ကြိမ်စုဝေး၍ သရဇ္ဈာယ်ကြရန်၊ မေတ္တသုတ်ပရိတ်တော်လာ တရားစကားတို့ကို ဆွေးနွေးမေးမြန်းကြရန်လည်း မိန့်ကြားတော်မူလိုက်သည်။

မေတ္တသုတ်ကို အကြောင်းပြု၍ ရုက္ခစိုးနတ်တို့၏ ခြောက်လှန့်မှုများ ပျောက်ကွယ်သွားသည်သာမက ရဟန်းတော်တို့ကို အလုပ်အကျွေးပြုလာကြသည်ဖြစ်၍ တရားအလုပ်ကို ပြီးမြောက်အောင်ပြုလုပ်နိုင်ခဲ့ကြသည်။ မေတ္တာတရားကို အခြေပြု၍ ဝိပဿနာကို ပွားစေကုန်ပြီး အရဟတ္တဖိုလ်သို့ ရောက်ကြသည်။

ထို့ပြင်သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ဘေးရန် ကင်းဝေးအေးချမ်းပါစေ၊ စိတ်လည်းချမ်းသာကြပါစေဟူ၍ မေတ္တာပို့ကြရမည်ဖြစ်သည်။ လူတစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ဖြားလှည့်ပတ်မှု မပြုကြပါစေနှင့်။ လူတစ်ယောက်နှင့်တစ်ယောက် နှိမ်ချဖိနှိပ်သောစကား မထီမဲ့မြင်ကို မပြုကြပါစေနှင့်၊ လူတစ်ယောက်နှင့်တစ်ယောက် ဒုက္ခဆင်းရဲရောက်ရသည့် အဖြစ်ကို အလိုမရှိကြပါစေနှင့်ဟူ၍လည်း ဆန္ဒပြုကြရမည်ဖြစ်သည်။ ခပ်သိမ်းသောသတ္တဝါတို့အပေါ်တွင် မေတ္တာစိတ်ပွားရာတွင် မိခင်သည် တစ်ဦးတည်းသောသားအပေါ်တွင် အသက်တမျှထားသည့်မေတ္တာမျိုးထားရှိရန်လည်း လမ်းညွှန်ထားပြီး မေတ္တာစျာန်သတိကို ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ စွဲစွဲမြဲမြဲ ဆောက်တည်နေထိုင်ခြင်းကို ဗြဟ္မဝိဟာရခေါ် ထူးမြတ်သော နေခြင်းမျိုးဟူ၍လည်း မေတ္တသုတ်၌ ပြဆိုထားသည်။

မေတ္တာစျာန်ရပြီးသော ယောဂီသည် မှားသောအယူသို့လည်း မကပ်၊ သီလလည်းရှိ၍ မဂ်ဉာဏ်နှင့်ပြည့်စုံသူဖြစ်လျက် ကိလေသာကွယ်ခြင်းတို့ကို အရှင်းပယ်ရှားပြီးသော် နောက်တစ်ဖန် ပဋိသန္ဓေမနေရတော့သည်ဖြစ်ရာ မေတ္တာစျာန်ဖြင့် နိဗ္ဗာန်သို့ပင် ရောက်နိုင်ကြောင်း ဘုရားရှင်က ဟောကြားခဲ့သည်။

သို့ဖြစ်ရာ ဝါခေါင်လပြည့် ထူးမြတ်သော မေတ္တာအခါတော်နေ့ကျရောက်သည့် ယနေ့အချိန်အခါသမယမှစတင်၍ ငြိမ်းအေးချမ်းသာစေရေးအတွက် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တသုတ်တရား တော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ပွားများနာယူခြင်းဖြင့် ကောင်းကျိုးလိုရာများကို အားလုံးဆောင်ကြဉ်းနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၂၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

၁။ **ချင်းပြည်နယ်အစိုးရအဖွဲ့**

| | |
|---|---|
| (က) ဒေါက်တာ လျန်ဇခုပ် | စီးပွားရေးရာဝန်ကြီး |
| (ခ) ဦးကောလ်လျန်ထန်း | သယံဇာတရေးရာဝန်ကြီး |

၂။ **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | |
|---|---|
| ဦးစိုင်းလှိုင်ငြိမ်း | တိုင်းရင်းသားရေးရာဝန်ကြီး |

၃။ **မွန်ပြည်နယ်အစိုးရအဖွဲ့**

| | |
|---|---|
| ဦးတင်ဇော်ထွန်း | လူမှုရေးရာဝန်ကြီး |

၄။ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

| | |
|---|---|
| ဦးမြင့်စိုး | သယံဇာတရေးရာဝန်ကြီး |

၅။ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | |
|---|---|
| (က) ဦးအောင်စန်းချစ် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ခ) ဦးမောင်မောင်ဦး | စီးပွားရေးရာဝန်ကြီး |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မိုး/ဇလ

စာအုပ်
စာပေ
လူ့မိတ်ဆွေ

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင်လည်း ကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ "အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅" ပန်းတိုင်များ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ယခု ၂၀၂၅ ခုနှစ်သည် အာဆီယံအတွက် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ကာ ဦးစားပေးမှုကဏ္ဍများကို ချိန်ညှိလျက် ဘက်စုံနည်းဗျူဟာများကို ချမှတ်ရမည့် အဓိကကျသော နှစ်တစ်နှစ်ဖြစ်

☆ "အာဆီယံ ၂၀၄၅ မျှော်မှန်းချက်"ကို အခြေပြုလျက် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိကာ စီးပွားရေးအရ အားကောင်း၍ ဒေသတွင်းငြိမ်းချမ်းမှုရှိရေးကို ထပ်လောင်းအတည်ပြု ဖော်ဆောင်သွားကြရပါမည်

☆ လာမည့် ၂၀၄၅ ခုနှစ်တွင် အာဆီယံသည် ကမ္ဘာ့နိုင်ငံများက လေးစားထိုက်သော တိုးတက်အောင်မြင်သည့် အသိုက်အဝန်းကြီးဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားရမည်

☆ ဒေသတွင်းမှ

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တစ်ပြေးညီ သာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အသင်းကြီး၏ ရည်မှန်းချက်များကို တည်ကြည်ခိုင်မြဲစွာ ဖော်ဆောင်လျက်ရှိပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ အတူတကွကြိုးပမ်းမှု၊ အမြော်အမြင်နှင့် မျှော်မှန်းချက်တို့ဖြင့် အာဆီယံအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို မြှင့်တင်လျက် ဒေသတွင်း ခိုင်မာသည့်အသိုက်အဝန်းတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ အသင်းကြီးလျှောက်လှမ်းခဲ့သည့် ခရီးလမ်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံသည် ဂုဏ်ယူစွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းသာယာဝပြောသော အရှေ့တောင်အာရှအတွက် မိမိတို့၏ မျှော်မှန်းချက်များရောက်ရှိရန် အာဆီယံပဋိညာဉ်စာတမ်း၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို မမိုတ်မသုန် လိုက်နာစောင့်ထိန်းလျက်ရှိပါသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဘရူနိုင်းနိုင်ငံက ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီးဝင်ရောက်ခဲ့ကြပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ ပေါင်းစည်းလျှောက်လှမ်းခဲ့ရာ ခရီးလမ်း၊ မိမိတို့၏ အားမာန်များ စုစည်းလျက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုကဏ္ဍများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရာမှ ရရှိခဲ့ကြသည့် အောင်မြင်မှုများကို ပြန်ပြောင်းသတိရမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အာဆီယံပေါ်ပေါက်ခဲ့သည်မှာ (၅၈)နှစ် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိပြီဖြစ်ရာ အောင်မြင်မှုရရှိခဲ့သော ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှု-ယဉ်ကျေးမှုမဏ္ဍိုင်(၃)ရပ်အပေါ် အခြေတည်သည့် အာဆီယံအသိုက်အဝန်း ၂၀၁၅ ကို တည်ထောင်နိုင်ခြင်း အပါအဝင် အထင်ကရ အောင်မြင်မှုများ ဆွတ်ခူးနိုင်ခဲ့ပါသည်။ အာဆီယံသည် အာဆီယံဒေသဆိုင်ရာဖိုရမ်(ARF)၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး(EAS)၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအပေါင်း အစည်းအဝေး (ADMM-Plus)စသည့် ဒေသတွင်းအဓိကကျသော ဖိုရမ်များကို ဦးဆောင်လျက် စေ့စပ်ဆွေးနွေးမှု၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းပေါင်းစည်းမှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အကောင်အထည်ဖော်မှုများသည်လည်း ကောင်းမွန်စွာ တိုးတက်လျက်ရှိကြောင်း နှစ်ထောင်းအားရဖွယ် တွေ့ရှိရပါသည်။

**"အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅"** ပန်းတိုင်များ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ယခု ၂၀၂၅ ခုနှစ်သည် အာဆီယံအတွက် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ကာ ဦးစားပေးမှုကဏ္ဍများကို ချိန်ညှိလျက် ဘက်စုံနည်းဗျူဟာများကို ချမှတ်ရမည့် အဓိကကျသော နှစ်တစ်နှစ်ဖြစ်ပါသည်။ အဆိုပါ **"အာဆီယံ ၂၀၄၅ မျှော်မှန်းချက်"**ကို အခြေပြုလျက် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိကာ စီးပွားရေးအရ အားကောင်း၍ ဒေသတွင်းငြိမ်းချမ်းမှုရှိရေးကို ထပ်လောင်းအတည်ပြု ဖော်ဆောင်သွားကြရပါမည်။ လာမည့် ၂၀၄၅ ခုနှစ်တွင် အာဆီယံသည် ကမ္ဘာ့နိုင်ငံများက လေးစားထိုက်သော တိုးတက်အောင်မြင်သည့် အသိုက်အဝန်းကြီးဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အသင်းကြီးအနေဖြင့် လျင်မြန်စွာပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်များအကြား ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်ရှိစွာ တုံ့ပြန်မှုမြန်ဆန်စွာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်ရမည်ဖြစ်ပါသည်။ ဤအခြေအနေများကြောင့် ယခု ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ **"အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု"**ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ ကတိကဝတ်များကို ထင်ဟပ်လျက်ရှိပါသည်။ ဒေသတွင်း လုံခြုံရေးအခင်းအကျင်းကို ဦးဆောင်တည်ဆောက်ရာတွင် အာဆီယံ၏ အရေးပါသော အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေး၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြဋ္ဌာန်းထားသော အာဆီယံပဋိညာဉ်စာတမ်းတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်ပြီး အာဆီယံ၏ မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ပထဝီနိုင်ငံရေး အရွေ့အပြောင်းများ၊ စီးပွားရေးတံ့ဆိုင်းမှုများ၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာစိန်ခေါ်မှုများ ရှုပ်ထွေးစွာဖြစ်ပေါ်လျက်ရှိချိန်တွင် အဖွဲ့ဝင်နိုင်ငံများက စုပေါင်းကာ ရှေ့သို့ချီတက်ရန် လုပ်ငန်းစဉ်များ ရေးဆွဲဖော်ဆောင်ခြင်းအားဖြင့် အာဆီယံအသင်းကြီးသည် ကြံ့ကြံ့ခံကာ လိုက်လျောညီထွေ လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အခါသမယတွင် ပဋိညာဉ်စာတမ်း၏ အခြေခံမူများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့်ဆက်ဆံရာတွင် အဓိကကျသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာ စောင့်ထိန်းကြရမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်း၏ မူများနှင့်ရည်ရွယ်ချက်များအရ အာဆီယံစည်းလုံးညီညွတ်မှုနှင့် အာဆီယံဗဟိုအချက်အချာကျမှုတို့ကို ဖော်ဆောင်ရန်အတွက် မိမိတို့မြန်မာနိုင်ငံသည်လည်း သန္နိဋ္ဌာန်ပြု၍ မြဲမြံစွာရပ်တည်လျက်ရှိပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအနေအထားများ မည်သို့ပင်ရှိစေကာမူ မိမိတို့အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့မှုကို အခြားနိုင်ငံက လေးစားလျက် အတူတကွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အာဆီယံ၏ စွမ်းအားသည် တည်ရှိလျက်ရှိပါသည်။

အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသော အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဖြင့် မိမိတို့သည် ပြင်ပမှ ပတ်သက်မှုမပါရှိဘဲ မိမိတို့၏ တူညီဆန္ဒဖြင့် ဆုံးဖြတ်လုပ်ကိုင်သည့် ဂုဏ်သိက္ခာသမာဓိကို ထိန်းသိမ်းကာ ဒေသတွင်းစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါသည်။

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား**

ယခုကဲ့သို့ (၅၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခါသမယတွင် မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်မှုရှိစွာဖြင့် စုစည်းပြီး ကြံ့ကြံ့ခံလျက် သာယာဝပြောမှုကို မျှဝေကြသည့် အာဆီယံ၏စံနှုန်းများကို ထိန်းသိမ်းကြရန် မိမိတို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုကြပါရန်နှင့် အတိတ်ကာလအောင်မြင်မှုများကို ဂုဏ်ယူကျေနပ်ရုံသာမက ငြိမ်းချမ်းရေးထိန်းသိမ်းလျက် သာယာဝပြောရေးဖော်ဆောင်ကာ ဒေသတွင်းကြွယ်ဝသော ယဉ်ကျေးမှုများကိုလည်း စုပေါင်းထိန်းသိမ်း ပျိုးထောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအားလုံး အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ကြပြီး ငြိမ်းချမ်းသာယာဝပြောမှုများကို နောင်လာမည့်နှစ်များတွင်လည်း ရရှိခံစားနိုင်ကြပါစေကြောင်း၊ အာဆီယံပြည်သူများ၏ စိတ်နှလုံးတွင်း၌ တစုတစည်းတည်းဖြစ်သည် ဟူသည့် အာဆီယံစိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

☆ ယနေ့အခါသမယတွင် ပဋိညာဉ်စာတမ်း၏ အခြေခံမူများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် အဓိကကျသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်

☆ အာဆီယံပဋိညာဉ်စာတမ်း၏ မူများနှင့်ရည်ရွယ်ချက်များအရ အာဆီယံစည်းလုံးညီညွတ်မှုနှင့် အာဆီယံဗဟိုအချက်အချာကျမှုတို့ကို ဖော်ဆောင်ရန်အတွက် မိမိတို့မြန်မာနိုင်ငံသည်လည်း သန္နိဋ္ဌာန်ပြု၍ မြဲမြံစွာရပ်တည်လျက်ရှိ

☆ မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အနေအထားများ မည်သို့ပင်ရှိစေကာမူ မိမိတို့အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့မှုကို အခြားနိုင်ငံက လေးစားလျက် အတူတကွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အာဆီယံ၏ စွမ်းအားသည် တည်ရှိလျက်ရှိ

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်    ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်    ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်    ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

## ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်

နေပြည်တော်    ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားခဲ့ပါသည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလ သတ်မှတ်ကြေညာခြင်း

နေပြည်တော်    ဩဂုတ်   ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားခဲ့ပြီး ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၇ ရက်မှ ၁၁ ရက်နေ့အထိ ကာလကို နိုင်ငံတော်အဆင့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်ကာလအဖြစ် ကြေညာထားရှိကြောင်းနှင့် အဆိုပါကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူသွားကြရန် ညွှန်ကြားထားရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

---

○ ရှေ့ဖုံးမှ

ကျင်းပပြုလုပ်ရာ ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ကြောင်း၊ ထို့ကြောင့် ၎င်း၏ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထို့ပြင် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဈာပနအခမ်းအနားတွင် လိုအပ်ချက်များမရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကိုလည်း ပြည့်စုံစွာစီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယင်းမှသာ နိုင်ငံတော်အဆင့်ဈာပနအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကော်မတီတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်နိုင်ရန်လည်း အလွန်အရေးကြီးကြောင်း၊ အခမ်းအနားအစီအစဉ်များ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက်လည်း ဂရုပြု၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားကြစေလိုကြောင်းနှင့် လုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဈာပနအခမ်းအနား ကျင်းပမည့်လမ်းကြောင်းတစ်လျှောက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖိတ်ကြားရေး၊ တည်းခိုရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဈာပနအခမ်းအနား ကျင်းပမည့်နေရာ အဝင်/ အထွက်လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စနစ်တကျရှိစေရေး၊ ကော်မတီအလိုက် စနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက နိုင်ငံတော်အဆင့် ဈာပနအခမ်းအနားတွင် အခမ်းအနားပြင်ဆင်ဆောင်ရွက်ရေးနှင့် နေရာချထားရေး၊ မိုးရာသီကာလဖြစ်သည့်အတွက် ကော်မတီများအလိုက် အရန်အစီအစဉ်များ စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးနှင့် အခြားလိုအပ်သည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက နိုင်ငံတော်အဆင့်ဈာပနအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအသီးသီးတွင် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

> ✧ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့၊ ၎င်း၏ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်သွားမည်
>
> ✧ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ဈာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ဖွဲ့စည်းပေးခဲ့
>
> ✧ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၁၁ ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်၊ နိုင်ငံတော်ဈာပနအခမ်းအနားတွင် လိုအပ်ချက်များမရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

---

## ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ

**ကလော ဩဂုတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဝါးရုံပင်ကျေးရွာ တောင်သူ ဦးဇင်မြင့်ဇော်၏ လယ်မြေငါးဧကတွင် ယမန်နေ့ နံနက် ၉ နာရီခွဲက ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသပွဲ ကျင်းပသည်။



ရှေးဦးစွာ အောင်ပန်းမြို့ အမှတ်(၆၅) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူး ဦးဘဝင်းက ခြောက်တန်းသွား ကောက်စိုက်စက်နှင့် စပါးစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှုပြဿနာများ လျှော့ချနိုင်မှု၊ အချိန်ကုန်သက်သာပြီးစီးမှု မြန်ဆန်သောကြောင့် ရာသီအချိန်မီ စိုက်ပျိုးပြီးစီးမှု၊ မျိုးစပါးကုန်ကျမှု လျှော့နည်းခြင်းနှင့် စိုက်ပျိုးစရိတ်သက်သာခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်မှုကြောင့် အထွက်နှုန်းပိုမိုတိုးတက်၍ ဝင်ငွေများ တိုးတက်စေရန်နှင့် တောင်သူများ လက်တွေ့ကျကျ သိရှိနားလည်ပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းအား တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ယခုလိုသရုပ်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဒေသခံ တောင်သူများအား အသိပညာပေးပြောကြားခဲ့ပြီး ခြောက်တန်း သွား ကောက်စိုက်စက်ဖြင့် မိုးစပါး လက်တွေ့စိုက်ပျိုးခြင်းကို သရုပ်ပြသခဲ့ရာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အောင်ပန်းမြို့ စက်မှုလယ်ယာ စခန်းအနေဖြင့် တောင်သူများ လုပ်ငန်းအဆင်ပြေစေရေးအတွက် ဌာနနှုန်းထားဖြင့် တစ်ဧကလျှင် ၅၅၀၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုပါက အောင်ပန်းမြို့ စက်မှုလယ်ယာဦးစီးဌာနသို့ လာရောက်ဆက်သွယ်နိုင်ကြောင်း မြို့နယ်ဦးစီးဌာနမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အတည်ပြုလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရေးဆွဲညှိနှိုင်းစိစစ်ပြီးဖြစ်သည့် "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ"၊ "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ"၊ "အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ"၊ "တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ"ကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ရန် ကော်မရှင်အဖွဲ့ဝင်များက တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အတည်ပြု လက်မှတ်ရေးထိုး ထုတ်ပြန်သည်။

ထို့နောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၂၅)ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၂၅)ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ နည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ( ၄၉ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ(ည)၏ နောက်တွင် နည်းဥပဒေခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဇိုမီးအမျိုးသားပါတီ (Zomi National Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်( ၄၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**ဇိုမီးအမျိုးသားပါတီ(Zomi National Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ၄ လွှာ (ဘီ)၊ အမှတ်(၁၁၀)တွင် ပါတီရုံးချုပ်(ယာယီ) ဖွင့်လှစ်ထားရှိသော **ဇိုမီးအမျိုးသားပါတီ(Zomi National Party)**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဇိုမီးအမျိုးသားပါတီ (Zomi National Party)**၏ မှတ်ပုံတင်အမှတ်မှာ(၅၉) ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၃ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၅) ဖြင့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၄ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅) ဖြင့် **"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၅ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၅၂/၂၀၂၅)ဖြင့် **"တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက 2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။



2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

○ စာမျက်နှာ ၂၄ မှ

ကမ္ဘာ့ချန်ပီယံ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၅၀,၀၀၀ ဆွတ်ခူးရရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ကျင်းပသည့် 2025 Esports World Cup ပြိုင်ပွဲသည် နိုင်ငံတကာ ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ လက်ရွေးစင်အသင်းပေါင်း ၁၀၀၀ ကျော်တွင် ပရော်ဖက်ရှင်နယ် ကစားသမား ၅၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံကိုယ်စားပြု YG(Yangon Galacticos) အသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တူကီယဲ၊ အီဂျစ်၊ ဘရာဇီး စသည့် ဥရောပ လက်ရွေးစင်နိုင်ငံ ၁၆ နိုင်ငံမှ ထိပ်သီးအသင်း ၂၄ သင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

MLBB MSC Esports World Cup -2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းသည် ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ရရှိ၍ Terror Queen အမျိုးသမီးအသင်းကလည်း MLBB Esports World Cup -2025 Mobile Legends: Bang Bang - Women's Invitational (MWI) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယဆုရရှိခဲ့ကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ရရှိခဲ့သည်။ Esports ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ကမ္ဘာ့နိုင်ငံများမှ ပရော်ဖယ်ရှင်နယ်ကစားသမားကို ကျော်ဖြတ်၍ ပထမဆုံးအကြိမ် အဖြစ် ကမ္ဘာ့ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် 2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ Yangon Galacticos အသင်းအား ပံ့ပိုးကူညီခဲ့သူများ၊ PUBG Mobile ဝါသနာရှင်များ၊ ပရိသတ်များ၊ ဖိတ်ကြားထားသူများက Yangon Galacticos အမှတ်တံဆိပ်ပါ အလံငယ်နှင့် ယပ်တောင်များ ဝေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြပြီး Yangon Galacticos အသင်းသားများက စင်မြင့်ထက်မှ ဆုဖလားကို ကိုင်မြှောက်ကာ ပရိသတ်များနှင့် အတူ အောင်ပွဲခံကြသည်။



2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းကစားသမားများ ဆုဖလားကိုင်မြှောက်ကာ အောင်ပွဲခံနေစဉ်။

ထို့နောက် 2025 Esports World Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းသားများ ဖြစ်ကြသည့် မောင်စွမ်းဝင့်မောင် (Smile)၊ မောင်ဆောင်းဝေဖြိုး (Marnett)၊ မောင်ကောင်းခန့်အောင် (SAYCLOUD)၊ မောင်ခန့်ဇော်ဟိန်း (Romeo)နှင့် ၎င်းတို့၏မိဘများ၊ အသင်းမှ တာဝန်ရှိသူများက ဂုဏ်ယူ ဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ် လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ Mr. Devanandan က Esports အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀၀၀နှင့် KBZ Pay ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးပွင့်အောင်က ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပနိုင်ရေး အတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀၀၀ ကို ပေးအပ်ရာ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းမြတ်စံက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

သတင်း - ကျော်ကြီး

ဓာတ်ပုံ - သီဟ



2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပစဉ်။



2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Tan Jianci ၏ My Story Your Love တစ်ကိုယ်တော်ဖျော်ဖြေပွဲ ရလဒ်ကောင်းခဲ့



တရုတ်အနုပညာရှင် ထန်ကျန့်စီသည် My Story Your Love တစ်ကိုယ်တော် ဖျော်ဖြေပွဲကျင်းပခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး မှတ်တိုင်တစ်ခုအဖြစ် ရလဒ်ကောင်းများစွာ ရရှိထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထန်ကျန့်စီကို QQ Music ၏ တရုတ်နိုင်ငံအကြီးဆုံး မြူးဇစ်ပလက်ဖောင်းဖြစ်သည့် SVIP Spokesperson အဖြစ် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါ ရွေးချယ်မှုအတွက် ၁၉၇၀၊ ၁၉၈၀၊ ၁၉၉၀၊ ၂၀၀၀ အသီးသီးကို ကိုယ်စားပြုမည့် အဆိုရှင်များကို ရွေးချယ်ခဲ့ရာ ထန်ကျန့်စီက ၁၉၉၀-၁၉၉၉ တစ်ပိုက် ကိုယ်စားပြုအဖြစ် ရွေးချယ်ခံရခြင်း ဖြစ်သည်။

အဆိုတော်အဖြစ်သာမက သရုပ်ဆောင်ပိုင်းတွင်လည်း ထူးချွန်သည့် ထန်ကျန့်စီ၏ အောင်မြင်မှုမှာ ပရိသတ်ကြား ရေပန်းစားခဲ့သည်။

(SKY)

## မင်းသား John Bemthal က စပိုက်ဒါမန်း-၄ တွင် ပါဝင်လာ

သည် ဟောလိဝုဒ်သတင်းဌာန၏ ဖော်ပြချက်အရ စပိုက်ဒါမန်း-၄ ရုပ်ရှင် Spider Man: |Brand New Day တွင် မင်းသား ဂျွန်ဘန်သာက တွမ်ဟော်လန်နှင့်အတူ ပါဝင်မည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျွန်ဘန်သာက နက်ဖလစ်၏ Daredevil ဇာတ်လမ်းတွဲတွင် ပထမဆုံး ပါဝင်ခဲ့ပြီးနောက်ပိုင်း The Punisher ကိုယ်ပိုင်ရှိုးတွင် အဓိကဇာတ်ကောင်ဖြစ်လာခဲ့ကာ Born Again တွင် အခန်းအနည်းငယ် ပါဝင်ရိုက်ကူးထားသည်။

သူ၏ ရုံတင်ရုပ်ရှင် ပထမအကြိမ်အဖြစ် Spider Man -4 တွင် မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်များက မာဘယ်၏ အနာဂတ်တွင် တောက်ပသော ကြယ်ပွင့်လေး ဂျွန်ဘန်သာကို မြင်တွေ့ကြရမည်ဖြစ်သည်ဟု သတ်မှတ်ကြသည်။

(SKY)

## Kwon Yul က လက်ထပ်မည့် အစီအစဉ် ကြေညာ

ကိုရီးယားအနုပညာရှင် ကွမ်ယူက အနုပညာရှင် မဟုတ်သည့် ချစ်သူနှင့် လက်ထပ်မည့် အစီအစဉ်ကို ပရိသတ်များအား အသိပေး၍ အေဂျင်စီမှ ကြေညာချက် ထုတ်ပေးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ကွမ်ယူ၏ အေဂျင်စီ ဂျေပိုင်ကုမ္ပဏီက ပရိသတ်များအတွက် ပျော်ရွှင်ဖွယ်သတင်းမျှဝေပေးထားကြောင်း၊ အနုပညာရှင် ကွမ်ယူသည် တစ်သက်တာဖြတ်သန်းရန် အဖိုးတန်လူတစ်ဦးနှင့် တွေ့၍ မင်္ဂလာပွဲကျင်းပမည်ဖြစ်ကြောင်း အနုပညာရှင် မဟုတ်သည့် ချစ်သူ၏ မိသားစုနှင့် သူ့မိသားစုအတွက် ထည့်သွင်းစဉ်းစား၍ မင်္ဂလာပွဲကို ဆိုးလ်မြို့တွင် သီးသန့်ကျင်းပမည်ဖြစ်ကြောင်း၊ ဘဝ၏ အခန်းသစ်စတင်မည့် ကွမ်ယူကို နွေးထွေးသော ကောင်းချီးများနှင့် အားပေးကြရန် တောင်းဆိုပါကြောင်း ကျေးဇူးတင်စွာဖြင့် ကြေညာချက်ထုတ်ပေးခဲ့သည်။ (SKY)

## V @ Kim Taehyung ကို နိုင်ငံတကာမှ အင်္ဂလိပ်ပတ်စာအုပ်များတွင် ထည့်သွင်းဖော်ပြထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ (ခေါ်)ကင်ထယ်ယောင်းကို ဘင်္ဂလားဒေ့ရှ်၊ တူရကီ၊ အမေရိကန်အပါအဝင် နိုင်ငံတကာမှ အင်္ဂလိပ်ဖတ်စာအုပ်များတွင် ထည့်သွင်းဖော်ပြထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်ရှိ ငါးတန်းကျောင်းသားများအတွက် အင်္ဂလိပ်သဒ္ဒါဖတ်စာတွင်လည်းကောင်း၊ ကိုရီးယားရှိ ငါးတန်း၊ ခြောက်တန်းအတွက် နိုင်ငံသားများအတူတကွ နေထိုင်ခြင်းဖတ်စာအုပ်၊ တူရကီနိုင်ငံနှင့် ပြည်ပရှိ အနုပညာနှင့် အားကစားနယ်ပယ်မှ နာမည်ကြီး ကိုးဦးမိတ်ဆက်ပွဲကို ဒုတိယနှစ်အလယ်တန်းအင်္ဂလိပ်ဖတ်စာအုပ်များတွင် ဗွီကို ဖော်ပြခြင်းခံရသည်။

အမေရိကန်တက္ကသိုလ်မှ ယဉ်ကျေးမှုနှင့် ဖက်ရှင်အတန်း Power Point ဖတ်စာအုပ်မှ အလှအပနမူနာအဖြစ် ဖော်ပြထားပြီး အိန္ဒိယတက္ကသိုလ်တစ်ခု ဖက်ရှင်လမ်းကြောင်းခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ဟောပြောပွဲတွင် ဗွီ၏ Winter Bear ဂီတကို ဆွေးနွေးခဲ့သည်။

ပြဋ္ဌာန်းစာအုပ်များအပြင် Avengers စီးရီးမှ Marvel ၏ ရုပ်ပြစာအုပ်မျက်နှာဖုံးမော်ဒယ်လ် ဂျပန်အင်္ဂလိပ်စာအုပ်တွင်လည်း ဖော်ပြထားသည်။

(SKY)



## သပျစ်သီးမှ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများစွာ ရရှိနိုင်

သပျစ်သီးသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဖလေဗိုနွိုက်၊ အန်သိုဆိုင်ယာနီဒင်၊ ကက်တီချင်း၊ ဖီနောလစ်အက်ဆစ်၊ ရီစ်ဗာရာထရောစသော ပိုလီဖီနော ဒြပ်ပေါင်း ၁၆၀၀ ကျော်တို့၏ သဘာဝရင်းမြစ် ဖြစ်သည်။

ပိုလီဖီနောများသည် ဆဲလ်အဆင့် လုပ်ငန်းစဉ်များအပေါ် အကျိုးသက်ရောက်စေပြီး ဓာတ်တိုးဆန့်ကျင်နိုင်စွမ်းကြောင့် သပျစ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများကို ဖြစ်ပေါ်စေသည်။

သွေးကြောတွေ ပြေလျော့စေတာ၊ သွေးလှည့်ပတ်မှု ကောင်းမွန်စေတာနဲ့ ကိုလက်စထရောအဆင့်ကို ထိန်းညှိပေးတာတွေ အပါအဝင် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးအတွက် သပျစ်သီးရဲ့ အခန်းကဏ္ဍဟာ ကောင်းစွာထင်ရှားနေပြီ ဖြစ်သည်။

သပျစ်သီး၌ပါဝင်သော ဒြပ်ပေါင်းတစ်မျိုးတည်းကနေမဟုတ်ဘဲ အသီးတစ်လုံးလုံးရှိ ဒြပ်ပေါင်းများ၏ ထူးခြားသော ပေါင်းစပ်ဖွဲ့စည်းမှုမှ ဇီဝဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခြင်းဖြစ်ရာ ၎င်းကို ထူးကဲသည့် အာနိသင်ရှိသော အစားအစာဟု ဆိုနိုင်သည်ဟု နယူးအင်္ဂလန် အနောက်ပိုင်းတက္ကသိုလ်မှ ဦးဆောင်သုတေသီ ဒေါက်တာဂျွန်အမ်ပက်ဇူတိုက အတည်ပြုပြောကြားကြောင်း သိရသည်။

SCI



## Lady Gaga ကမ္ဘာ့ပေါ့ပ်ဘုရင်မအဖြစ် တက်လှမ်းလာ

ဘဝ၏ အနိမ့်ဆုံးအခြေအနေမှ ဖိနှိပ်ခံဘဝနှင့် စိတ်ဒဏ်ရာများ ပြည့်နေသည့် အတိတ်ဘဝမှ ကမ္ဘာ့အကြီးကျယ်ဆုံးစင်မြင့်ဆီသို့ ကေပေါ့ပ်ဘုရင်မအဖြစ် တက်လှမ်းလာနိုင်ခဲ့သူမှာ လေဒီဂါဂါဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နယူးယောက်ခ်မြို့တွင် စတက်ဖနီဂါမာနော်တာ အမည်နှင့် ကလေးဘဝကို ဖြတ်သန်းခဲ့ပြီး ကျောင်းတွင်းအနိုင်ကျင့်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့နှင့် စိတ်ပိုင်းဆိုင်ရာ ပြိုလဲမှုများနှင့် ခြောက်လှန့်ခံခဲ့ရာမှ အနုပညာလောကသို့ ဝင်လာရာတွင်လည်း ရုပ်ဆိုးပြီး အဝလွန်၍ ဝေဖန်ငြင်းပယ်ခံရကာ ဖျော်ဖြေရင်းလှောင်ပြောင်သံများနှင့် အဆိုးမြင်စကားလုံးများကြောင့် နာကျင်မှုကို လက်နက်အဖြစ် ပြောင်းလဲယူခဲ့သည်။

လေဒီဂါဂါက "ငါ၏ထူးခြားမှုက ငါ့အစွမ်းပဲ" ဆိုသည့် စိတ်ဓာတ်နှင့် ဖက်ရှင်လောကကို လှုပ်ခတ်စေခဲ့ကာ ပုံစံခွက်ထဲမှ လမ်းသစ်ဖောက်ခဲ့၍ A Star is Born တွင် အကယ်ဒမီဆု အပါအဝင် ဆုပေါင်းများစွာနှင့် ကမ္ဘာ့ပေါ့ပ်ဘုရင်မအဖြစ် တက်လှမ်းလာခဲ့သည်။

(SKY)



# အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ တရုတ်နိုင်ငံသို့ သွားရောက်ကာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးတက်ရောက်မည်



**ဒေလီ ဩဂုတ် ၇**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ၇ နှစ်ကျော်အတွင်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်မည်ဖြစ်ပြီး တရုတ်နှင့် သံတမန်ရေးအရ ပိုမိုနီးစပ်လာမည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပေးရန် ချက်ချင်း တုံ့ပြန်ခြင်းမရှိသေးသော်လည်း ဝန်ကြီးချုပ်မိုဒီအနေဖြင့် ဩဂုတ် ၃၁ ရက်တွင် စတင်မည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ သွားရောက်မည်ဟု ဆိုသည်။

သမ္မတဒေါ်နယ်လ်ထရမ့်က အိန္ဒိယမှသွင်းကုန်များကို အာရှနိုင်ငံများအကြား အမြင့်ဆုံး အကောက်ခွန်များ ချမှတ်ခဲ့ပြီး အိန္ဒိယ၏ ရုရှားရေနံဝယ်ယူမှုအတွက် နောက်ထပ်ပြစ်ဒဏ်များ ချမှတ်မည်ဟု ခြိမ်းခြောက်ခဲ့ရာမှ အိန္ဒိယနှင့်အမေရိကန်တို့၏ ဆက်ဆံရေး အပြင်းထန်ဆုံး အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် မိုဒီ၏တရုတ်ခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ရုရှားလည်း ပါဝင်သည့် ယူရေးရှားနိုင်ငံရေးနှင့် လုံခြုံရေးအဖွဲ့ဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးအတွက် တရုတ်နိုင်ငံ၊ တီယန်ကျင်းမြို့သို့ မိုဒီ၏သွားရောက်ခြင်းသည် ၂၀၁၈ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**Mon**

# ၂၀၂၄ ခုနှစ် ဂျပန်နိုင်ငံ လူဦးရေပမာဏ ၉ သိန်းကျော်အထိ စံချိန်တင်ကျဆင်းသွားခဲ့

**တိုကျို ဩဂုတ် ၇**

ဂျပန်နိုင်ငံ၏ လူဦးရေသည် ၂၀၂၄ ခုနှစ်တွင် လူဦးရေ ၉ သိန်းကျော်အထိ စံချိန်တင်ကျဆင်းသွားခဲ့ကြောင်း တရားဝင်အချက်အလက်များအရ စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဖွံ့ဖြိုးပြီး နိုင်ငံအများစုသည် မွေးဖွားနှုန်းနိမ့်ကျမှုပြဿနာကို ရင်ဆိုင်နေရသော်လည်း ဂျပန်နိုင်ငံတွင်မူ ဤပြဿနာသည် ပိုမိုဆိုးရွားနေပြီး လူဦးရေသည် နှစ်ပေါင်းများစွာကြာ ကျဆင်းနေခဲ့သည်ကို တွေ့ရသည်။

ယင်းအခြေအနေကို "တိတ်ဆိတ်သော အရေးပေါ်အခြေအနေ"အဖြစ် သတ်မှတ်ခဲ့ပြီး ပြုပြင်ပြောင်းလဲရန် မိသားစုအတွက် အဆင်ပြေစေမည့် လုပ်ငန်းခွင်ပြောင်းလွယ် ပြင်လွယ်အချိန်များနှင့် အခမဲ့ကလေးထိန်းကျောင်းများ ထားရှိပေးမည်ဟု ဝန်ကြီးချုပ် ရှီဂေးရုအီရှီဘက ကတိပြုခဲ့သည်။

ယမန်နှစ်က ဂျပန်လူဦးရေသည် ၀ ဒသမ ၇၅ ရာခိုင်နှုန်း သို့မဟုတ် ၉၀၈၅၇၄ ဦး ကျဆင်းသွားခဲ့ပြီး စုစုပေါင်း ၁၂၀ ဒသမ ၆၅ သန်းရှိကြောင်း သိရသည်။

**Mon**





# ကမ္ဘာ့အရှည်ဆုံး ကြိုးတံတားတည်ဆောက်ရေးအတွက် အီတလီနိုင်ငံ ရောမမြို့တော်က နောက်ဆုံးအဆင့် အတည်ပြု

**ရောမ ဩဂုတ် ၇**

အီတလီနိုင်ငံ ရောမမြို့တော်သည် ကမ္ဘာ့အရှည်ဆုံး ကြိုးတံတားတည်ဆောက်ရေးအတွက် ယူရို ၁၃ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ ဘီလီယံ)တန်ဖိုးရှိ စီမံကိန်းကို နောက်ဆုံးအဆင့်အနေဖြင့် ယမန်နေ့က အတည်ပြုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါတံတားသည် အီတလီ၏ ဒေသတစ်ခုဖြစ်သော ကယ်လာဘရီယာနှင့် စစ္စလီကျွန်းကို ဆက်သွယ်ပေးမည်ဖြစ်သည်။

မြေထဲပင်လယ်၏ ငလျင်လှုပ်ရှားမှုအများဆုံး နေရာတစ်ခုတွင် တည်ဆောက်မည့် ထိုတံတားသည် ငလျင်ဒဏ်ကို ခံနိုင်ရည်ရှိမည်ဟု ပုံစံထုတ်သူများက ပြောကြားသည်။

ယင်းစီမံကိန်းသည် မက်ဆီနာတံတားစီမံကိန်းကို အကောင်အထည်ဖော်ရန် အီတလီအစိုးရအရာရှိများ၏ နောက်ဆုံးကြိုးပမ်းမှုဖြစ်သည်။ နှစ်ပေါင်းများစွာကတည်းက ကြိုးပမ်းခဲ့ကြသော်လည်း ကုန်ကျစရိတ်၊ ပတ်ဝန်းကျင် ထိခိုက်မှု၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် မာဖီးယားဂိုဏ်း၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် စီမံကိန်းများ ပျက်ပြယ်ခဲ့ရသည်။

လက်ရှိစီမံကိန်းသည် လွယ်ကူသည့်ကိစ္စမဟုတ်ဟု ဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီက ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်တွင် ရုတ်တရက်ရေကြီး လူ ၁၀၀ ကျော် ပျောက်ဆုံးနေပြီး လူအချို့သေဆုံး

**ဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုကြောင့် လူ ၁၀၀ ကျော် ပျောက်ဆုံးနေပြီး လူအချို့သေဆုံးခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၅ ရက်တွင် တောင်များပေါ်မှ ရေလှိုင်းလုံးကြီးများ ဆင်းလာပြီး ဓာရာလီရွာထဲသို့ ရုတ်တရက်ရေများ ဝင်ရောက်လာရာမှ လမ်းများနှင့် အဆောက်အအုံများ ရေလွှမ်းမိုးခဲ့သဖြင့် အူတာကာရှိခရိုင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိခိုက်ခံရသည့်ဒေသတွင် လူ ၁၉၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သည်ဟု ဥတ္တရာခန်းပြည်နယ် ဝန်ကြီးချုပ် ပုရှ်ကာဆင်းမ် ဒါမီက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆိုမာလီယာ၌ ပြင်းထန်သည့် မိုးခေါင်မှုဒဏ်ကို လူပေါင်းသိန်းနှင့်ချီ ခံစားရ

**ဂျီနီဗာ ဩဂုတ် ၇**

ဆိုမာလီယာအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် ပြင်းထန်သည့် မိုးခေါင်မှုကို လူပေါင်းသိန်းနှင့်ချီ၍ ခံစားရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၆ ရက်တွင် ပြောသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ခွဲခြမ်းစိတ်ဖြာမှုများအရ ခရိုင် ၁၆ ခုရှိ လူပေါင်း ၈၈၀၀၀၀ မှာ မိုးခေါင်မှုဒဏ် ခံစားရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရေတွင်းများခန်းခြောက်ကာ စက်ရေတွင်းပေါင်း ၁၆၀ ကျော်မှာလည်း အလုပ်မဖြစ်တော့ကြောင်း၊ မွေးမြူရေးသမားများသည်လည်း ၎င်းတို့၏ကျွဲနွားများနှင့်အတူ အခြားဒေသသို့ပြောင်းရွှေ့ကာ ရေနှင့်စားကျက်ရှာဖွေကြကြောင်း သိရသည်။

ကုလသမဂ္ဂမှ စီမံခန့်ခွဲသော ဆိုမာလီယာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေမှ အရေးပေါ်အသက်ကယ်လိုအပ်ချက်များဖြည့်ဆည်းရန်၊ ရန်ပုံငွေခွဲဝေပေးရန် ပြင်ဆင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## ပေကျင်းမြို့၌ ထူးချွန်သုတေသီများကို ၂၀၂၅ အနာဂတ်သိပ္ပံဆုများ ချီးမြှင့်

**ပေကျင်း ဩဂုတ် ၇**

ဩဂုတ် ၆ ရက်က ပေကျင်းမြို့ အခမ်းအနားတစ်ခုတွင် သုတေသီခုနစ်ဦးကို ၂၀၂၅ အနာဂတ်သိပ္ပံဆုများ ချီးမြှင့်ခဲ့သည်။

ငှက်များသည် ဒိုင်နိုဆောများမှ ပြောင်းလဲဖြစ်ပေါ်လာသည်ဆိုသည့် တွေးခေါ်ယူဆမှုကို ပံ့ပိုးပေးနိုင်သော ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ အထောက်အထားများ ရှာဖွေတွေ့ရှိမှုအတွက် Ji Qiang၊ Xu Xing နှင့် Zhou Zhonghe တို့ သုံးဦးကို တစ်သက်တာသိပ္ပံဆုများ ချီးမြှင့်ခဲ့သည်ဟု အနာဂတ်သိပ္ပံဝက်ဘ်ဆိုက်တွင် တရားဝင်ထုတ်ပြန် ဖော်ပြထားသည်။

ခန့်မှန်းတွက်ချက်မှုနှင့် ဂျီသြမေတြီဂုဏ်သတ္တိဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများ၏ လက်တွေ့စမ်းသပ်အကောင်အထည်ဖော်မှုကို ရှာဖွေတွေ့ရှိမှုအတွက် Fang Zhong၊ Dai Xi နှင့် Ding Hong တို့ကို ရူပသိပ္ပံဆုများ ချီးမြှင့်ခဲ့သည်။

သင်္ချာနှင့် ကွန်ပျူတာသိပ္ပံဘာသာရပ်တွင် ဆုချီးမြှင့်ခံရသူမှာ Lu Chih-Yuan ဖြစ်သည်။ မတည်ငြိမ်သော တစ်ပိုင်းလျှပ်ကူး မှတ်ဉာဏ်နည်းပညာများကို အဆင့်မြှင့်တင်ရာတွင် ၎င်း၏ တီထွင်ဆန်းသစ်မှုများနှင့် ခေါင်းဆောင်မှုများအတွက် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

အနာဂတ်သိပ္ပံဆုပေးရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ချိန်မှစပြီး ထူးချွန်သုတေသီ ၄၆ ဦးအား ဆုများ ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

အစိုးရမဟုတ်သော တရုတ်သိပ္ပံဆုပေးရေးအဖွဲ့ အခြေခံသိပ္ပံသုတေသနကိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သိပ္ပံပညာရှင်များနှင့် စွန့်ဦးတီထွင်သူများအဖွဲ့က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ



# မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး

**မိတ္ထီလာ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့၊ ကွက်ငယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ကျောင်းတာဝန်ခံဆရာမကြီး ဒေါ်နွေးနွေးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းခွဲအမှုဆောင် ဦးကျော်စိုးက ဟောပြောပြီး အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် HIV / AIDS ရောဂါအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကွက်ငယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)



# သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက သဘာဝဘေးလျော့ပါးရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းက မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ဆူနာမီဘေး ခေါင်းစဉ်များဖြင့် အသိပညာပေး ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်းက မီးဘေးအန္တရာယ်ဆိုင်ရာများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူလွင်က မုန်တိုင်းဘေးနှင့်ပတ်သက်၍ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များတို့ကို ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

၀-၀-၀-၀-၀-၀-၀

# ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**မိုင်းရှူး ဩဂုတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ သတိပြုဆင်ခြင်နိုင်စေရန် ရည်ရွယ်၍ ဩဂုတ် ၆ ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်၊ ပတ္တမြားခန်းမ၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဦးအောင်လံဝင့်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ထူးထူးလင်းတို့က ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip အား ပြသပေးခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery အလုံး ၁၅၀ အပါအဝင် ဆက်စပ်ပစ္စည်းအမျိုး ၄၀ ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၇၆ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းတစ်မျိုးကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၅ ရက်တွင် ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Porter II Pick Up တစ်စီး၊ Mitsubishi Canter Light Truck တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၇၃ ဒသမ ၀၇၄ တန်၊ သစ်မာ ၄ ဒသမ ၉၅၀ တန်၊ အခြားသစ် ၈၅ ဒသမ ၂၅၉ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ထော်လာဂျီယာဉ် လေးစီးကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၄ မျိုးကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)









ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ ။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၀ ဒသမ ၂၆၄၂ တန်၊ သစ်မာ ၁၂ ဒသမ ၈၇၂၄ တန်၊ အခြား ၃၄ ဒသမ ၉၇၈၂ တန် စုစုပေါင်း ၉၈ ဒသမ ၁၁၄၈ တန်၊ ယာဉ်/ယန္တရားရှစ်စီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀-၀



# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ Top-10 စာရင်းဝင်ပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများ၏ ရင်တွင်းခံစားချက်နှင့် သူတို့၏ ရည်မှန်းချက်များ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၂၇ ရက်က ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူ ၃၃၇၉၁ ဦးအနက် ၁၆၇၆၆ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ဖြစ်သည်။ အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉၉၃ ဦးဖြစ်ကြောင်း သိရသည်။

ထိုစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ၁၀ ဦး(Top-10) စာရင်း၌ မန္တလေး တိုင်းဒေသကြီးမှ ငါးဦးပါဝင်ခဲ့ရာ ပညာရေးကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်ဖြစ်၍ ထိုကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး သူတို့၏ ရင်တွင်းခံစားချက်များနှင့် ရည်မှန်းချက်များကို မန္တလေးနေ့စဉ်သတင်းစာမှ မျှဝေလိုက်ပါသည်။

**မသက်မှူးဝေခင်(မြန်မာတစ်နိုင်ငံလုံး၊ ဝိပွဲတွဲတွင် ပထမအဆင့် အမှတ်အများဆုံးရရှိသူ)**



အခုလို အမှတ်အများဆုံးနဲ့ အောင်မြင်မှုရရှိတဲ့အတွက် အရမ်းကို ဝမ်းသာပျော်ရွှင်မိပါတယ်။ အဖေ၊ အမေနဲ့ ဆွေမျိုးတွေကလည်း အရမ်းဝမ်းသာကြတာပေါ့။ ပထမဖြေဆိုတုန်းက ငလျင်လှုပ်ခတ်ပြီး ဖိအားတွေ ရှိခဲ့တယ်။ နောက်တစ်ကြိမ်ဖြေရမယ်ဆိုတော့ ဖိအားသိပ်မရှိတော့ဘူး။ မိဘတွေကလည်း သမီးပညာရေးအတွက် လိုအပ်တာမှန်သမျှ ပံ့ပိုးပေးတာကလည်း အင်အားတစ်ခု ဖြစ်စေပါတယ်။ ဝိပွဲတွဲမှာ Top-10 မှာ အဆင့်(၁)ရရှိခဲ့ပါတယ်။ သမီးရည်မှန်းထားတာက စီးပွားရေးပညာရှင်တစ်ယောက်ဖြစ်ဖို့ပါ။ နိုင်ငံတစ်နိုင်ငံမှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေချည်းပဲ ရှိနေလို့ မဖြစ်ဘူး။ စီးပွားရေးပညာရှင်တွေ ရှိဖို့လိုပါတယ်။

**မရွှန်းသံသာအေး(မြန်မာတစ်နိုင်ငံလုံးသိပ္ပံတွဲ ဒုတိယအဆင့် အမှတ်အများဆုံးရရှိသူ)**



စာကို တစ်နေ့စာ တစ်နေ့ပြီးအောင် ကျက်မှတ်လေ့လာတယ်။ စာကျက်ချိန်၊ အိပ်ချိန် ပုံမှန်ထားပြီး ကြိုးစားခဲ့တာပါ။ စာမေးပွဲပထမအကြိမ်ဖြေတုန်းက အင်္ဂလိပ်စာကို အားမရခဲ့ဘူး။ ဒုတိယအကြိမ်ဖြေတဲ့အခါ ကိုယ်အားနည်းခဲ့တဲ့ ဘာသာရပ်ကို သေချာအားထည့် ကြိုးစားခဲ့တယ်။ အခုလို Top -10 ဝင်တော့ အတိုင်းမသိ ဝမ်းသာတာပေါ့။ မိဘတွေရော ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ နှလုံးအထူးကု ဆရာဝန်တစ်ယောက်ဖြစ်ချင်တာပါ။ သမီးအဘိုးရဲ့ နှလုံးရောဂါကုဆရာဝန်ကြီးကိုကြည့်ပြီး နှလုံးအထူးကုဆရာဝန်ဖြစ်ချင်လာတယ်။ လာမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုမယ့်သူတွေအနေနဲ့ စာကိုပုံမှန်ကျက်မှတ်ဖို့လိုပါတယ်။ တစ်နိုင်ငံလုံး အမှတ် အများဆုံး Top-10 မှာ အဆင့်(၂)နေရာနဲ့ အောင်မြင်ခဲ့လို့ ဝမ်းသာကြည်နူးပါတယ်။

**မနှင်းသီရိဝေ (မြန်မာတစ်နိုင်ငံလုံးသိပ္ပံတွဲ သတ္တမအဆင့် အမှတ်အများဆုံးရရှိသူ)**



နှစ်စကတည်းက တစ်နေ့စာ တစ်နေ့လုပ်သလို ပြန်လည်လေ့ကျင့်ခန်းတွေကိုလည်း လုပ်တယ်။ အားမရတဲ့ ဘာသာဆိုရင်တော့ ပိုပြီးအားစိုက် ကျက်မှတ်ခဲ့ပါတယ်။ သမီးက အိပ်ရေးပျက်မခံဘဲ ပုံမှန်အိပ်၊ ပုံမှန်စာကျက်ချိန်ထားပြီး ကြိုးစားခဲ့ပါတယ်။ စာမေးပွဲနီးလာချိန် ပိုပြီးအားစိုက်တယ်။ လာမယ့်စာမေးပွဲမှာ ဖြေဆိုကြမယ့် သူတွေအနေနဲ့ လိုချင်တဲ့ပန်းတိုင်ကို ရည်မှန်းချက်ထားပြီး မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားကြပါ။ ဆရာ၊ ဆရာမတွေ သင်ကြားတဲ့ သင်ခန်းစာတွေကိုလည်း ဂရုစိုက်ပြီး ကိုယ်ကလည်း စာသေချာကြိုးစားမယ်ဆိုရင် အောင်မြင်မှုရရှိမှာပါ။ သမီးကတော့ အထူးကုဆရာဝန်ကြီးဖြစ်အောင် ကြိုးစားသွားပြီး နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ တာဝန်ထမ်းဆောင်သွားမှာပါ။

**မခင်ငြိမ်းချမ်း (မြန်မာတစ်နိုင်ငံလုံးသိပ္ပံတွဲ အဋ္ဌမအဆင့် အမှတ်အများဆုံးရရှိသူ)**



သမီးက တစ်နိုင်ငံလုံးအမှတ်အများဆုံး Top-10 မှာ အဆင့်(၈)နေရာရခဲ့တယ်။ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုတွေကိုလည်း သေချာနားထောင်ဆည်းပူးခဲ့ပါတယ်။ အောင်စာရင်းထွက်မယ့် ညကလည်းအရမ်းကို ရင်ခုန်ခဲ့ပါတယ်။ ကိုယ်မျှော်မှန်းထားသလို ဖြစ်မလာမှာကိုလည်း ကြောက်မိပါတယ်။ ကြိုးစားထားသလို ဖြစ်လာတဲ့အတွက်လည်း အရမ်းကို ဝမ်းသာပျော်ရွှင်မိပါတယ်။ သမီးက ဆရာဝန်တစ်ယောက် ဖြစ်ချင်တယ်။ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်အောင်လည်း ကြိုးစားသွားပါမယ်။ မျိုးဆက်သစ်တွေအနေနဲ့လည်း အောင်မြင်မှုရရှိချင်ရင် စာကို သေချာကြိုးစားလေ့လာသင်ယူကြပါလို့ ပြောချင်ပါတယ်။

**မလှမျိုးခင် (မြန်မာတစ်နိုင်ငံလုံးသိပ္ပံတွဲ ဒသမအဆင့်အမှတ် အများဆုံးရရှိသူ)**



တစ်နိုင်ငံလုံး အတိုင်းအတာမှာ အဆင့်(၁၀) ရခဲ့ပါတယ်။ ခုလို ဖြစ်လာအောင် ဖြေရမယ့် ဘာသာရပ်အလိုက် အချိန်ဇယားဆွဲပြီး စနစ်တကျ ကျက်မှတ်ခဲ့ပါတယ်။ ကိုယ်အားနည်းတဲ့ ဘာသာကို ပိုပြီးအားစိုက်ကျက်မှတ်တယ်။ ဆေးတက္ကသိုလ် တက်ရောက်ပြီး ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ သမီးက ကလေးတွေကိုချစ်တတ်တဲ့အတွက် ကလေးအထူးကုဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ သမီးဒီလိုအောင်မြင်မှုရအောင် သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေအားလုံးနဲ့ မိဘနှစ်ပါးကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

**မအိန္ဒီကျော် (မြန်မာတစ်နိုင်ငံလုံးသိပ္ပံတွဲ ဒသမအဆင့် အမှတ်အများဆုံးရရှိသူ)**



သမီးက မိဘကျေးဇူးဆပ်ချင်တာရယ်၊ လောကကို အကျိုးပြုနိုင်မယ့်သူဖြစ်ချင်လို့ ဆရာဝန်ဖြစ်ဖို့ ရည်မှန်းပြီး ကြိုးစားခဲ့တာပါ။ ဆရာဝန်တွေထဲက ကလေးအထူးကုဆရာဝန် ဖြစ်ချင်ပါတယ်။ ဒီလိုအောင်မြင်မှုရရှိဖို့ စာသင်နှစ်စကတည်းက ရည်မှန်းချက်ထားပြီး ဆရာ၊ ဆရာမတွေ သင်ကြားပေးတာတွေကို သေချာဂရုတစိုက် သင်ယူခဲ့တယ်။ မိဘတွေကလည်း ဘေးနားကနေ လိုအပ်တာတွေ လုပ်ပေးတယ်။ ငလျင်လှုပ်ခတ်ပြီး စာမေးပွဲတွေ ပြန်လည်ဖြေဆိုရမယ်ဆိုတာ သိလိုက်ရတော့ ပိုပြီးအားစိုက်ခဲ့ပါတယ်။ ငါးဘာသာဂုဏ်ထူးထွက်ပေမယ့် တစ်နိုင်ငံလုံးအမှတ်အများဆုံး စာရင်းဝင်ခဲ့ရတဲ့အတွက် အရမ်းဝမ်းသာမိတယ်။ ငါးဘာသာဂုဏ်ထူးနဲ့ ဒီလိုစာရင်းဝင်နိုင်ဖို့ မလွယ်ဘူး။



ခိုင်ဆက်ဝေ



# နိုင်ငံတကာ အားကစား သတင်းများ

## ကီနန်ဒေါ်ဘူရီဟားလ်အား အဲဗာတန်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၇**

အဲဗာတန်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ကီနန်ဒေါ်ဘူရီဟားလ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၈သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၃၀ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ကီနန်ဒေါ်ဘူရီဟားလ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲ ကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန် အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကစားသမားသစ်များစွာ ဆက်တိုက်ခေါ်ယူအားဖြည့်မှုများ ပြုလုပ်ထားလျက်ရှိသည်။

(အောက်ပုံ)

(NGB)






## သောမတ်စ်မူလာအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဗန်ကူးဗားဝိုက်ကပ်စ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၇**

မေဂျာလိဂ်ကလပ် ဗန်ကူးဗားဝိုက်ကပ်စ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမနီအသင်းဝါရင့် ကွင်းလယ်တိုက်စစ်ကစားသမားဟောင်း သောမတ်စ်မူလာအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ၂၀၀၈-၂၀၀၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅၆ပွဲကစားပြီး ဂိုး ၂၅၀ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗန်ကူးဗားဝိုက်ကပ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ သောမတ်စ်မူလာက "ကျွန်တော် ဗန်ကူး ဗားဝိုက်ကပ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ" ဟုပြောသည်။

(အပေါ်ပုံ)

(NGB)

0-0-0-0-0-0

## အာဒွန်ဂျာရှာရီ အေစီမီလန်အသင်းတွင် ကျောနံပါတ် (၃၀)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မီလန် ဩဂုတ် ၇**

ကွင်းလယ်ကစားသမားသစ် အာဒွန်ဂျာရှာရီ အေစီမီလန်အသင်းတွင် ကျောနံပါတ် (၃၀)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ကလပ်ဘရုဂေးအသင်းမှ အေစီမီလန် အသင်းသို့ ၂၀၃၀ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အာဒွန်ဂျာရှာရီသည် ကလပ်ဘရုဂေး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၂ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ)

(NGB)




## ဘန်ဂျမင်ဆက်စ်ကိုအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း သဘောတူညီမှုရရှိ

**မန်ချက်စတာ ဩဂုတ် ၇**

မန်ချက်စတာယူနိုက်တက်အသင်းသည် လိုက်ပဇစ်အသင်း တိုက်စစ်မှူး ဘန်ဂျမင်ဆက်စ်ကိုအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘန်ဂျမင်ဆက်စ်ကိုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀+အပိုဆုကြေး စတာလင်ပေါင် ၁၀သန်းအထိ အသုံးပြုခဲ့ရသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘန်ဂျမင်ဆက်စ်ကိုသည် လာမည့်ရက်ပိုင်းအတွင်း မန်ချက်စတာယူနိုက်တက်အသင်းနှင့် လာရောက်ပူပေါင်းကာ ၂၀၃၀ ခုနှစ် အထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘန်ဂျမင်ဆက်စ်ကိုသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၃၉ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

(အောက်ပုံ)(NGB)



## 2025 National Bank Open presented by Rogers အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်



**လန်ဒန် ဩဂုတ် ၇**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။

အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ယူကရိန်း တင်းနစ်မယ် Elina Svitolina အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် ဒိန်းမတ်တင်းနစ်မယ် Clara Tauson တို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## အက်စတွန်ဗီလာအသင်းက ရိုးမားအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၇**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်စတွန်ဗီလာအသင်းနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက ရိုးမားအသင်းအား လေးဂိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။(အောက်ပုံ)



အက်စတွန်ဗီလာအသင်းအတွက် လေးဂိုးကို ပွဲချိန် ၁၅မိနစ်တွင် အီမီလီနို၊ ပွဲချိန် ၁၇မိနစ်တွင် ရမ်ဆေး၊ ပွဲချိန် ၄၀မိနစ်တွင် ဝက်စ်ကင်း၊ ပွဲချိန် ၈၆မိနစ်တွင် မာလန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အက်စတွန်ဗီလာအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ရက်တွင် မာဆေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။ (NGB)

## ဗာဒီအား ခေါ်ယူရန် အင်တာမိုင်ယာမီအသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၇**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းသည် လက်စတာစီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဗာဒီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ထိ ကစားပြီး ဂိုး ၂၀၀သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗာဒီကိုယ်တိုင်ကလည်း အင်တာမိုင်ယာမီ အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အင်တာမိုင်ယာမီ အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ဗာဒီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။



(အပေါ်ပုံ)

(NGB)

### အေအက်ဖ်စီ အာရှဖလား အမျိုးသမီး(ယူ-၂၀)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စု-ဃ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၈-၂၀၂၅ သောကြာနေ့ | ညနေ၄း၀၀နာရီ | အင်ဒိုနီးရှား - မြန်မာ |
| ။ | ည၇း၀၀နာရီ | တာမင်နစ္စတန် - အိန္ဒိယ |

### နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၈-၈-၂၀၂၅ သောကြာနေ့ | ည၁၀း၃၀နာရီ | အော့စ်ဘတ်(ဂျာမနီ) - ပီဇာ(အီတလီ) |
| ၉-၈-၂၀၂၅ စနေနေ့ | နံနက်၀၀း၃၀နာရီ | ချဲလ်ဆီး(အင်္ဂလန်) - လေဗာကူဆင်(ဂျာမနီ) |
| ။ | ။ | မိုနာကို(ပြင်သစ်) - အင်တာမီလန်(အီတလီ) |
| ။ | နံနက်၀၁း၀၀နာရီ | ဘရန့်ဖို့ဒ်(အင်္ဂလန်) - ဂလာဘတ်(ဂျာမနီ) |
| ။ | ။ | နယူးကာဆယ်(အင်္ဂလန်) - အက်စ်ပန်ညို(စပိန်) |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၈-၂၀၂၅ စနေနေ့ | နံနက်၀၁း၃၀နာရီ | ဘာမင်ဂမ် -အစ်ဆွစ်ချ် | ဘာမင်ဂမ် ၂-၂ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၃-၁ ဘာမင်ဂမ် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ဂျို့ရွာကျေးရွာတွင် ကျင်းပသည့် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးတွေ့ဆုံပွဲနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲ၊ လက်ဆွဲမျိုးစေ့ချ ကိရိယာ(Drum Seeder)များ ပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြသပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရခရိုင်၊ အမရပူရမြို့နယ် ရှိ တမုတ်ဆိုးကျေးရွာ အုပ်စု၊ ဂျို့ရွာကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သီးနှံဖြစ်ထွန်းမှုပိုမိုအားကောင်းပြီး အထွက်နှုန်းပြည့်မီရေးတွင် များစွာအထောက်အကူပေးသည့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)အလက်(၁၀၀)လက်ကို တောင်သူများ လက်ဝယ်ပေးအပ်သည့် အခမ်းအနား ဖြစ်ပါကြောင်း၊ လိုအပ်သည့်တောင်သူများထံသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ဧကများ အထွက်နှုန်းတိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး မျိုး၊ မြေ၊ ရေ၊ နည်းများကို စနစ်တကျအသုံးပြုပြီး တောင်သူများ လိုက်ပါဆောင်ရွက်မှုအားကောင်းစွာဖြင့် အားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လုပ်ငန်းစီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မျိုးစေ့ချကိရိယာ(Drum Seeder)များ၊ ပိုက်ဆံလျှော်(သစ်စိမ်း) မြေဩဇာမျိုးစေ့အိတ်များနှင့် ယူရီးယားဓာတ်မြေဩဇာအိတ်များကို တောင်သူများထံသို့ ပေးအပ်ခဲ့ပြီး မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

















# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီး မီးလောင်ခဲ့သည့် မန္တလေးတက္ကသိုလ်ပင်မဆောင် မူလမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ၊ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ် ပင်မဆောင် အဆောက်အအုံကို မူလမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအား သတ်မှတ်ကာလအတွင်း ပြီးစီးရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပင်မဆောင် အဆောက်အအုံသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား မန္တလေးတက္ကသိုလ် ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် အဖွဲ့ဝင် မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာသက်ဦးနှင့် တာဝန်ရှိသူများက အဆောက်အအုံအား မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အရည်အသွေးပြည့်မီပြီး ပိုမိုခိုင်ခံ့ရေးနှင့်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀










သတင်း-စာမျက်နှာ ၁၂





# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၄၀၈ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၄၈ဦးတို့ကို ငှက်ဖျားရောဂါ၊တုပ်ကွေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၂၀၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၃၁ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆိုလာဓာတ်အားပေးစနစ်များ တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ လျှပ်စစ်ဓာတ်အားခလျှော့ချနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy) ဖြစ်သည့်(Solar) ဆိုလာဓာတ်အားပေးစနစ်များကို ကဏ္ဍအသီးသီးတွင် နှစ်အလိုက်လျာထားဆောင်ရွက်လျက်ရှိရာ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် ရေနှင့် သန့်ရှင်းမှုဌာနရှိ ရေတွန်းစက်ရုံ(၆)ခု၌ (Hybird Solar)ဓာတ်အားပေး စနစ်များ စုစုပေါင်း(၆၃၀ ကီလိုဝပ်)တပ်ဆင်အသုံးပြုရန် လျာထားဆောင်ရွက်လျက်ရှိသည်။ အဆိုပါ (Hybird Solar)ဓာတ်အားပေးစနစ်များ တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက လှည့်လည်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ လမ်း ၆၀ နှင့် ၂၂ လမ်းထောင့်ရှိ အမှတ်(၄)ရေတွန်းစက်ရုံ(ရေစစ်ကန်)သို့ ရောက်ရှိကြပြီး ရေတွန်းစက်များ(၂၄)နာရီအလှည့်ကျမောင်းနှင်သည့် စနစ်ဖြင့် တစ်ရက်လျှင် ရေဂါလန်(၄)သန်းခန့် ဖြန့်ဝေပေးနိုင်မှုနှင့် စက်များလည်ပတ်မောင်းနှင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ရေလှောင်ကန်အမိုးပေါ်တွင် တပ်ဆင်ပြီး မူလ(၅၀) ကီလိုဝပ် On Grid Solar ဓာတ်အားပေးစနစ်မှ(၁၀၀)ကီလိုဝပ် (Hybird Solar)ဓာတ်အားပေးစနစ်အဆင့်မြှင့်တင်နိုင်ရန် ဆိုလာပြားများ တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား သိုလှောင်သည့် အခန်းတွင် Hybird Inverter များ ရာနှုန်းပြည့် တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၅၇ လမ်းနှင့် ၅၈လမ်းကြားရှိ အမှတ်(၃)ရေတွန်းစက်ရုံ စက်ရုံ(ဝါးခင်းကုန်း)၌ (၈၀)ကီလိုဝပ် On Grid Solar ဓာတ်အားပေးစနစ်မှ(၁၀၀)ကီလိုဝပ်Hybird Solar ဓာတ်အားပေးစနစ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ မြို့ပတ်ကမ်းနားလမ်းနှင့် ၂၂ လမ်းဆုံ ရှုခင်းသာပန်းခြံအနီး အမှတ်(၈)ရေတွန်းစက်ရုံအတွက် ဧရာဝတီမြစ်အတွင်းမှ ရေများကို စုပ်ယူသည့် ရေယူအဆောက်အအုံ(Pontoom)တွင် (၂၅၀)ကီလိုဝပ် Hybird Solar ဓာတ်အားပေးစနစ် တပ်ဆပ်ခြင်း လုပ်ငန်း(၇၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က မြို့တော်နေလူထုအတွက် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renwable Energy) ဆိုလာ ဓာတ်အားပေးစနစ်များကို ရေတွန်းစက်ရုံ(၁၈)ရုံတွင် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့တပ်ဆင်ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခု(၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် ရေတွန်းစက်ရုံ(၆)ရုံအား Hybird Solar ဓာတ်အားပေးစနစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ကျန်စက်ရုံများကိုလည်း လုပ်ငန်းများ ပြီးစီးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စက်ရုံများ၏ Control ခန်းများအား သန့်ရှင်းသပ်ရပ်အောင် အစဉ်လုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်းနှင့် စက်ရုံဝန်းကျင်သာယာလှပရေးကိုလည်း ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။





လက်ရှိဆိုလာ ဓာတ်အားပေးစနစ်တပ်ဆင်နေသည့် ရေနှင့် သန့်ရှင်းမှုဌာနအနေဖြင့်(၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် Hybird Solar ဓာတ်အားပေးစနစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် အမှတ်(၁၀)ရေတွန်းစက်ရုံတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု(၇၀)ရာခိုင်နှုန်း၊ တန်ဖိုးနည်းအိမ်ရာ ၄၆ လမ်းနှင့် ၁၁၇ လမ်းထောင့် စက်ရေတွင်း၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု(၈၅)ရာခိုင်နှုန်း၊ ပြည်ကြီးမဂ်လာရေတွန်းစက်ရုံတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု(၁၀၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများ အားလုံးပြီးစီးပါက ရေတွန်းစက်ရုံ(၁၀)ရုံတွင် ဆိုလာဓာတ်အားပေးစနစ်စုစုပေါင်း(၁၁၆၀)ကီလိုဝပ်တပ်ဆင်ဆောင်ရွက်ပြီးစီးမည်ဖြစ်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အားခယူနစ်(၁ ဒသမ ၆၃၆ သန်း)ထုတ်ယူရရှိပြီး နှစ်စဉ်ဓာတ်အားခကျသင့်ငွေကျပ်(၂၉၃ ဒသမ ၉၆၇ သန်း)ခန့်ကို လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**မကွေး ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရေး ရည်ရွယ်၍ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ရေနံချောင်းမြို့နယ်၊ နတ်ကန်ဦး အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာ၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာများရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများထံ ကွင်းဆင်း၍ ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီကာလအတွင်း အဖြစ်များသော ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သတိပြုလိုက်နာဆောင်ရွက်ရမည့်ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးများ ဟောပြောခဲ့ပြီး မြေလျှင်ကာကွယ်ရေး သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၁၈ ဦးအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အခြေအနေစစ်ဆေးခြင်းများ ဆောင်ရွက်ကြပြီး လိုအပ်သည့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# လျှပ်စစ်ဓာတ်အားလိုအပ်ပါက အသုံးပြုနိုင်ရန်အတွက် (AKSA AAP 4200 DE (5 KVA) Generator) မီးစက် သုံးလုံးပေးအပ်လှူဒါန်း




**မန္တလေး ဩဂုတ် ၇**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားလိုအပ်လာပါက အရေးပေါ် အသုံးပြုနိုင်ရန်အတွက်(AKSA AAP 4200 DE (5 KVA) Generator) မီးစက်သုံးလုံး ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် PTI Company Limited ကိုယ်စား(မန္တလေး Branch Manager)ဦးဇော်မင်းခိုင်နှင့် ကုမ္ပဏီတာဝန်ရှိသူများက ကုမ္ပဏီမှ တင်သွင်းရောင်းချလျက်ရှိသော တူရကီနိုင်ငံအခြေစိုက်(ASKA Brand Generator) 5 KVA သုံးလုံးအား ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့တော်ဝန်နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် အဆောက်အအုံနှင့် ကုန်ရုံဌာနခေတ္တဌာနမှူးတို့ တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

## ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး Talk Show ကျင်းပ

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနဖြစ်သော Community Centre ခန်းမတွင် ပြည်သူများအသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍အသိပညာပေး Talk Show ကို ယနေ့ မွန်းလွဲ ၂နာရီက ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပါယ်က ဦးဆောင်ဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းအေးက စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များနှင့် အခန်း(၁၈)ပါကုန်ပစ္စည်းထုပ်ပိုးမှုပေါ်တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အချက်အလက်များနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)ပါ အချက်အလက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဥပဒေပါပြဋ္ဌာန်းချက်များကိုလည်း သိရှိလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူများထိခိုက်နစ်နာမှုနှင့်ပက်သက်၍ တိုင်ကြားနိုင်သည့်နေရာများ၊ ဦးစီးဌာန၏ website ဖုန်းနံပါတ်များနှင့် Call Centre ၁၅၃၅ သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း စသည်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

(၀၉၃)






## တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနား ပြုလုပ်

**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးခန်းမတွင် ပြုလုပ်သည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဆန်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်၊ တွဲဖက်စာရင်းစစ် ဦးကျော်ကိုစန်းနှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး နေလင်းဇင်တို့က အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ အသင်းမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဆန်စက်လုပ်ငန်းရှင်များအသင်း (၂၀၂၅- ၂၀၂၈)ခုနှစ် သက်တမ်းအတွက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက အသင်းဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင် ၂၀ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

## မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် သတင်းဗီဒီယို ရိုက်ကူးတည်းဖြတ်နည်း သင်တန်းဖွင့်လှစ်



**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် ယနေ့ နံနက် ၁၁နာရီက သတင်း ဗီဒီယိုရိုက်ကူးတည်းဖြတ်နည်း သင်တန်း ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းများ ဖွင့်လှစ် ရခြင်း ရည်ရွယ်ချက်များအား ပြောကြားခဲ့သည်။ ဆက်လက်ပြီး သင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မဟာအောင်မြေမြို့နယ်၊ ဦးစီးအရာရှိ သင်တန်းနည်းပြ ဦးမြင့်သိန်းစိုးက သတင်း ဗီဒီယို ပြုလုပ်ရာတွင် လိုက်နာရ မည့်စည်းကမ်းချက်များ၊ သတင်းဗီဒီယိုရိုက်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ လက်ကိုင်ဖုန်းဖြင့် Power Director Kine master ဖြင့် သတင်းဗီဒီယိုပြုလုပ်ပုံအဆင့်ဆင့်အား အသေးစိတ် ရှင်းလင်းပြောကြား ပြသသင်ကြားပေးခဲ့ရာ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကိုမေးမြန်းကာ လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇင်မင်းမောင်**

## ပခုက္ကူမြို့တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပခုက္ကူ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာ လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ပခုက္ကူခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်အသင်းက ပခုက္ကူမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာများ လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)၃၈၀ ဦးကျော်တို့အား ဩဂုတ် ၃ ရက်မှ ၆ ရက်နေ့အထိ တစ်ဦးလျှင် စားသုံးဆီ နှစ်ပိဿာစီကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၃၄၀)

၀-၀-၀-၀-၀

# ချမ်းသာကြီး ဆုတောင်းပြည့်မြတ်စွာဘုရားတွင် ရုပ်ပွားတော် သုံးဆူအတွက် လှူဒါန်းနိုင်



**မန္တလေး ဩဂုတ် ၇**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ လမ်း ၉၀ နှင့် ၂၄ လမ်းရှိ သမိုင်းဝင်ချမ်းသာကြီး ဆုတောင်းပြည့် မြတ်စွာဘုရားတွင် ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓရုပ်ပွားတော်များ ပျက်စီးမှုရှိခဲ့သဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရုပ်ပွားတော် သုံးဆူအတွက် အလှူရှင်များ လိုအပ်နေကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

သီရိမင်္ဂလာသောကမင်းကြီး တည်ထားခဲ့သည့် ဘုရား၊ စေတီတော်များအနက် တစ်ဆူအပါအဝင်ဖြစ်ပြီး ရှေးဟောင်းစာရင်းဝင်ဖြစ်ရာ ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိသည်။

"စေတီရဲ့ တောင်ဘက်မှာ ဇရပ်ဆောင်နဲ့ ရှေးဟောင်း ကျောက်ဆင်းတုရုပ်ပွားတော် သုံးဆူက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့တယ်။ အဲဒါကို ရှေးမူမပျက်ပြုပြင်မွမ်းမံနေရာမှာ ရုပ်ပွားတော် သီတင်းသုံးမယ့် ပလ္လင်တံကဲက အသစ်ပြန်လုပ်နေပါတယ်။ အဲဒီသုံးဆူအတွက် အလှူရှင်လိုအပ်နေပါတယ်။ ဖုန်း ၀၉-၆၇၄၆၂၂၂၄၅ ကို ဆက်သွယ်နိုင်ပါတယ်"ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်ဆင်းတု ရုပ်ပွားတော်သုံးဆူအနက် အလယ်ရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် ၁၀ ပေ ၃ လက်မနှင့် ပလ္လင်တံကဲမှာ အောက်ခြေမှ ပေ ၂၀ ၊ ၆ လက်မအမြင့်ရှိ၍ ငွေကျပ် ၁၂၅ သိန်းကျသင့်မည်ဖြစ်ပြီး အရံနှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ၆ ပေ ၆ လက်မနှင့် ပလ္လင်တံကဲမှာ အောက်ခြေမှ ၁၄ ပေ၊ ၆ လက်မ အမြင့်ရှိ၍ ငွေကျပ် ၈၅ သိန်း ကျသင့်ကြောင်း၊ ၎င်းအတွက် တစ်ဦးတည်းအလှူရှင်(သို့မဟုတ်) အသင်းအဖွဲ့အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# ဝင့်သကာရွှေတံဆိပ်ဆုရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄ လမ်းနှင့် ၃၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းမှကြီးမှူး၍ ၁၃၈၇ ခုနှစ်၊ နယုန်လစာလျှောက်မေးခွန်းတွင် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဝင့်သကာဘွဲ့ ရွှေတံဆိပ်ဆုရရှိသော မန္တလေး၊ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယကျောင်းမှ အရှင်ဃောသိတာလင်္ကာရာဘိဝံသအား ဝင့်သကာရွှေတံဆိပ်ဆု ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ဩဂုတ် ၅ရက် နံနက် ၉ နာရီက အသင်းတိုက်ဓမ္မဗိမာန်အလယ်ထပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ အသင်းဩဝါဒစရိယ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ အသင်းဥက္ကဋ္ဌဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌဦးစိုးလွင်၊အတွင်းရေးမှူး ဦးဇော်ဇော်နှင့် အသင်းအမှုဆောင်များ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဝင့်သကာဘွဲ့ရသာသနာ့အာဇာနည်အား ပင့်ဆောင်သည်။

ထို့နောက် ဇေယျဝတီဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူပြီး မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ဆက်လက်၍ ဝင့်သကာဘွဲ့ရဆရာတော်အား မင်္ဂလာပုဒ်စုံရတု၊ တေးထပ်တို့ဖြင့် ပူဇော်ကြသည်။

ထို့နောက် မန္တလေးမြို့ အဝေရာရာမရန်ကင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဩဘါတသိရီဘိဝံသနှင့် မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့က ဩဝါဒကထာချီးမြှင့်သည်။

ဆက်လက်၍ နယုန်လသီးခြား စာချတန်းတွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယဒသမဝင့်သကာဘွဲ့ရရွှေတံဆိပ်ရသည့် အရှင်ဃောသိတာလင်္ကာရာဘိဝံသအား အသင်းဒုတိယဥက္ကဋ္ဌဦးစိုးလွင် +ဒေါ်မြင့်မြင့်သန်း(ဇင်ယော်ရိပ်မွန်)မိသားစုက ရွှေတံဆိပ်ဆုနှင့် အဆောင်ယောင်များ ဆက်ကပ်ပူဇော်ခဲ့ပြီး အလှူရှင်များက ပရိယတ္တိသလာသနဟိတအသင်းကြီးသို့ အလှူငွေများ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ရေစက်ချတရားနာယူ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

# ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်မှ ဝါဆိုဆန်နှင့် လိုအပ်သောပစ္စည်းများ လှူဒါန်း

**မန္တလေး ဩဂုတ် ၇**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာနနာယကဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်မှ ကယားပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ မြို့မဘကကျောင်းသို့ ဝါဆိုသင်္ကန်းတစ်စုံ၊ ဝါဆိုဆန်သုံးအိတ်နှင့် အတူ ဗလာစာအုပ် ဒါဇင် ၂၀၀ တို့ကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဖယ်ခုံဘက ကျောင်းဆရာတော် ဘဒ္ဒန္တတိသက လက်ခံရယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

ရပ်ဝေးနေ ဘကကျောင်းများနှင့် ပစ္စည်းလေးပါး လိုအပ်နေသည့် ကျောင်းများသို့ ထပ်ဆင့်ပေးအပ်လှူဒါန်းကုသိုလ်ပြုနိုင်ရန်အတွက် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်နေ အလှူရှင် ဒေါ်ခင်ခင်ဦး(၈၈)နှစ်ပြည့်မွေးနေ့အလှူကို တောင်စလင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တတိက္ခအား ဝါဆိုသင်္ကန်း၊ တဘက်တစ်ထည်တို့အပြင် နဝကမ္မအလှူတော်ငွေကျပ် ငါးသောင်းကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ လှူဒါန်းသည့် အခမ်းအနားသို့ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က တက်ရောက်ပြီး ကျေးဇူးတင်စကားနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (ကဆ)**



# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၇**

(၁၄)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဩဂုတ် ၆ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊တိုင်းရင်းဆေးတက္ကသိုလ်နယ်မြေ၊ ဇေကရာဇ်ခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပရာ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်း၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဒုတိယပါမောက္ခနှင့် ကထိကဌာနမှူးများ၊ မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ရှိဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သွေးလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းကြရာ သွေးအိတ်ပေါင်း ၇၅ အိတ်၊ လှူဒါန်းနိုင်ပြီး သွေးလှူဘဏ်မှ တာဝန်ရှိသူများက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ထံသို့ ဂုဏ်ပြုလက်မှတ်ကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(၀၇၀)**



# မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ထောက်ပံ့ငွေနှင့် စားသောက်ကုန် ပေးအပ်

**မန္တလေး ဩဂုတ် ၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ တွေ့ဆုံပွဲ၊ ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပေးအပ်ပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဆန်းတို့က ပြင်ဦးလွင်ခရိုင်၊ မြို့နယ်နယ်မြေမီးသတ်စခန်းများ၊ စဉ့်ကူးမြို့နယ်မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးသွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဦး(ဘ)ဦးပေါကြွယ်(၅/ခဥန(နိုင်)၀၅၆၈၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၂)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်အေးအေးလှိုင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနိုင်ထွန်း(ဘ)ဦးကြည်တင်(၉/စကတ(နိုင်)၁၀၅၀၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၁)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ ပေ(၃၀×၄၅) အကျယ်အဝန်းရှိ ဦးမောက် အမည်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း (၂၂ပေ ၆ လက်မ × ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေဇော်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ**
**၂၈လမ်၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၆၀၇၇၉၊ ၀၉-၇၇၁၈၈၁၅၀၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်အမှတ်(၂၀၃)၊ ဧရိယာ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ကြင်(ဘ)ဦးကံဖူး(၉/မနတ(နိုင်)၀၉၂၇၇၂)၊ ဦးဝင်းအောင်နိုင်(ဘ)ဦးထွန်းမြင့်နှင့် ဦးသိန်းနိုင်(ဘ)ဦးဘညာဏ်တို့ (၃)ဦး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်မြင့်(ဘ)ဦးသန်းမောင်(၉/မကန(နိုင်)၀၁၁၇၇၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်နံပါတ်(၉၀)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅) ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစန်းမောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုကြည်(ဘ)ဦးဘို(၉/မရမ(နိုင်)၀၆၇၇၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅) ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဒေါ်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ချိုချိုရည်(ခ)ဒေါ်ချိုချိုရီ(ဘ)ဦးကြည်(၅/ရဘန(နိုင်)၀၁၆၄၁၈)နှင့် ဒေါ်နီနီမာ(ဘ)ဦးချစ်ဦး(၅/ရဘန(နိုင်)၀၄၈၈၉၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၂)၊ ဦးပိုင်နံပါတ်(၉၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဇော်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ကျော်(ဘ)ဦးကျိန်တုံးရင်(၁၃/လရန(နိုင်)၁၃၁၉၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၀)၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၈(A)လမ်း၊ သီရိမာလာ အဆင့်မြင့်တိုက်တန်း၊ အခန်းအမှတ်(၇)၊ အင်ကြင်းဆောင်၊ တတိယထပ်၊ ဧရိယာ(၂၅ပေ×၂၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေမီတာ၊ လျှပ်စစ်မီးမီတာ အပါအဝင် တပ်ဆင်ကိရိယာအရပ်ရပ်နှင့်တကွ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြတ်မြတ်မိုး(ဘ)ဦးခင်မောင်မြင့်(၉/အမဇ(နိုင်)၀၃၁၁၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်ဇာဇာမောင် | ဦးထွန်းလွင်ဦး | ဦးသိန်းဦး(ချယ်ရီမြေ) | ဦးအောင်ဇော်သူ | ဒေါ်သီတာကို |
|---|---|---|---|---|
| LL.B,DL-101-IP Law | LL.B,H.G.P | B.Sc,H.G.P,P.G.D.L | LL.B | LL.B |

**တရားလွှတ်တော်ရှေ့နေများ**
**Mandalay Justice Law Firm**
**အမှတ်(၅၀)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ 09-2300786,09-882300786,09-43002998**
**E-mail: zarzarmaung,lawyer@gmail.com**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၄၆-ဃ/၄)၊ ၅၈(A)လမ်း၊ ၁၈လမ်းနှင့် ၁၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မို့မို့လေးဝေ (၁/မညန(နိုင်)၀၉၅၂၈၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်စန္ဒာတင်ဝင်း(ဘ)ဦးတင်ဝင်း(၉/မထလ(နိုင်)၀၉၈၁၅၃) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာတင်ဝင်း(ဘ)ဦးတင်ဝင်း (၉/မထလ(နိုင်)၀၉၈၁၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ် ...

❖ အစကောင်းမှ အနှောင်းသေချာမည်ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၇
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# 2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ၊ ပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

ရန်ကုန် ဩဂုတ် ၇

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့တွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပခဲ့သည့် 2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရအားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ Esports အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

**ပွဲစဉ်တိုင်းတွင် အမှတ်အမြင့်ဆုံးဖြင့် အနိုင်ရရှိခဲ့**

Yangon Galacticos အသင်းသည် ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ Esports အမျိုးအစား ၂၅ မျိုးကျော် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည့် Grand Final ၌ တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ အသင်းတို့ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစား၍ ပွဲစဉ်တိုင်းတွင် အမှတ်အမြင့်ဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး

စာမျက်နှာ ၆ သို့ ○



2025 Esports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။

## မြန်မာအသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူ

**ရန်ကုန် ဩဂုတ် ၇**

အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄နာရီက ဗီယက်နမ်နိုင်ငံ၊ Viet Tri Stadium ကွင်းကြီးတွင် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဩစတြေးလျ အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် မေသက်မွန်မြင့်၊ ပွဲချိန် ၄၇မိနစ်တွင် ဝင်းသီရိထွန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို မေသက်မွန်မြင့်က ဆွတ်ခူးခဲ့သည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၀ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာလက်ရွေးစင်(ယူ-၂၂)အသင်းတို့၏ ခြေစမ်းပွဲစဉ် နှစ်ဂိုး၊ နှစ်ဂိုးဖြင့် သရေရလဒ် ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၇**

ယနေ့နံနက်ပိုင်းက သုဝဏ္ဏ လေ့ကျင့်ရေးကွင်း(၁)တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြန်မာ့လက်ရွေးစင်(ယူ-၂၂) အသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဟိန်းထက်အောင်၏ ထောင့်ကန်ဘောကန်တင်ပေးပို့မှုမှ အောင်မျိုးခန့်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ထို့နောက် မြန်မာလက်ရွေးစင်(ယူ-၂၂) အသင်းချေပဂိုး ပြန်လည်ရရှိခဲ့ပြီး မင်းမော်ဦး ကသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ကစားသမားအပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို အောင်မျိုးခန့်ကပင် ထပ်မံသွင်းယူပေးခဲ့ပြီး မြန်မာ(ယူ-၂၂)အသင်းအတွက် ချေပဂိုးကို မိုးဆွေက သွင်းယူပေးခဲ့ကာ နှစ်ဂိုး၊ နှစ်ဂိုးရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစမ်းပွဲ လေးပွဲယှဉ်ပြိုင်ကစားခဲ့ပြီး ပြီးခဲ့သည့် မြဝတီအသင်းကို ငါးဂိုး၊ တစ်ဂိုး၊ Glory Goal အသင်းကို လေးဂိုး၊ ဂိုးမရှိ၊ ISPE အသင်းကို လေးဂိုး၊ တစ်ဂိုးနှင့် အနိုင်ရရှိခဲ့ပြီး မြန်မာလက်ရွေးစင်(ယူ-၂၂) အသင်းနှင့် နှစ်ဂိုး၊ နှစ်ဂိုး သရေရလဒ်ရရှိထားကြောင်း သိရသည်။

**(NGB)**

